ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org
crph.official.mm@gmail.com

ကြေညာချက် အမှတ် (၂၉/၂၀၂၁)
၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
ဇွန်လ (၃)ရက်၊ ၂၀၂၁ခုနှစ်။

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ပြည်သူတို့အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်အရ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချုပ်ငြိမ်းရေး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် တစ်စိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ပြည်သူတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးကို ထိခိုက်စေသည့် မည်သည့်အကြမ်းဖက်လုပ်ရပ်မျိုးကိုမျှ လက်ခံခြင်းမရှိကြောင်း အတိအလင်း ကြေညာသည်။

၃။ တရားမဝင် အာဏာသိမ်းစစ်ကောင်စီ လက်ပါးစေများ၏ အကြမ်းဖက်နှိပ်စက်သတ်ဖြတ်မှုများနှင့် စပ်လျဉ်း၍ ပြည်သူများအနေဖြင့် မိမိကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်၊ အခြားသူကို ကာကွယ်ခုခံပိုင်ခွင့်အား ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက အသိအမှတ်ပြုထားပြီးဖြစ်သည်။

၄။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ရပ်တည်ချက်နှင့် ပြည်သူတို့၏ကာကွယ်ခုခံပိုင်ခွင့်အပေါ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ပုံဖျက်စေရန် ရည်ရွယ်၍ မသမာသူများမှ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားသော အကြမ်းဖက်လုပ်ရပ်များ ဖန်တီးလုပ်ဆောင်လာကြသည်ကို တွေ့ရှိလာရပါသည်။

၅။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် ယင်းကဲ့သို့သော မသမာသူများ၏ ဖန်တီးလုပ်ဆောင်မှုများကို ပြည်သူနှင့်အတူ ပူးပေါင်းရပ်တည် ကာကွယ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

(၃-၆-၂၀၂၁ ကျင်းပပြုလုပ်သော စုညီအစည်းအဝေးဆုံးဖြတ်ချက်အရ)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ